# အတွင်းရေးမှူးအဖွဲ့ရုံး ဖွဲ့စည်းကြောင်း ကြေညာခြင်း

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၄) ရက်

ချင်းအမျိုးသားတပ်ဦး (CNF) ၏ မူဝါဒ အကောင်အထည်ဖော်မှုဆိုင်ရာ အထောက်အကူပြု နိုင်ရေးအတွက် အတွင်းရေးမှူးအဖွဲ့ရုံး (Secretariat Office) ကို ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၂၃) ရက်နေ့တွင် ချင်းအမျိုးသားတပ်ဦး၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီ (CEC) ၏ ဆုံးဖြတ်ချက်ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

ချင်းအမျိုးသားတပ်ဦး (CNF) အထွေထွေ အတွင်းရေးမှူး အဖွဲ့၏ နေစဉ်စီမံခန့်ခွဲမှု လုပ်ငန်းများကို အထောက်အကူပြုခြင်း၊ မူဝါဒဆိုင်ရာ သုတေသန ပြုလုပ်၍ ဥက္ကဌအဖွဲ့ အပါအဝင် ချင်းအမျိုးတပ်ဦး ခေါင်းဆောင်များကို အကြံပြုချက်များ ပေးအပ်ခြင်း၊ ပြည်သူ့ဆက်ဆံရေး၊ ချင်းပြည်နှင့် မြန်မာပြည်တွင်း သက်ဆိုင်သူ အစုအဖွဲ့များနဲ့ ဆက်သွယ်ဆက်ဆံရေး (Stakeholder engagement)၊ နိုင်ငံတကာ စည်းရုံးလှုံ့ဆော်မှု (International advocacy) ဆိုင်ရာ မဟာဗျူဟာနှင့် နည်းဗျူဟာများ ဖော်ထုတ်ဆောင်ရွက်ခြင်း စသည့် လုပ်ငန်းစဉ်များအား ချမှတ်ထားသည့် လုပ်ငန်းလမ်းညွှန်နှင့်အညီ ဖော်ဆောင်သွားမည်ဖြစ်သည်။

အတွင်းရေးမှူးအဖွဲ့ရုံး
ချင်းအမျိုးသားတပ်ဦး (CNF)